ကညင်းကြီးကျေးရွာ

ကညင်းကြီးကျေးရွာအုပ်စု၊ မင်းလှမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ကညင်းကြီးစကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇူလိုင်လ၊ ၂၀၂၀

# မာတိကာ


မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား - မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကညင်းကြီးကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်း

စဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြု ချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကောင်အထည်ဖော်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဇူလိုင်လ ၊ ၂၀၂၀ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကညင်းကြီးကျေးရွာ
မင်းလှမြို့နယ်



N
S
မြေပုံအညွှန်း

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

ကညင်းကြီးကျေးရွာသည် သရက်-မင်းလှလမ်းကို ဆက်သွယ်ထားသော လမ်းမကြီးနှင့် နီးစပ်လျှက်ရှိပြီး လမ်းပန်းဆက်သွယ်ရေးမှာ အသင့်အတင့်ရှိသော ကျေးရွာဖြစ်ပါသည်။ အရှေ့တောင်ဘက်တွင် မလွန်စမ်းကျေးရွာနှင့် စည်းကျေးရွာရှိပြီး မြောက်ဘက်တွင် ညောင်ပိုင်းကျေးရွာ ၊ ဆင်မတောင်ကျေးရွာတို့နှင့် နယ်နမိတ်ထိစပ်လျှက်ရှိသည်။ ပဲ ၊ နှမ်း စိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ကညင်းကြီးကျေးရွာသည် မိုးနည်းရေရှား မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သောကြောင့် နှစ်စဉ်သောက်သုံးရေ အခက်အခဲကို အနည်းတွေ့ရစမြဲဖြစ်သည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကညင်းကြီးကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့၍ မိုးနည်းရေရှားရပ်ဝန်းဒေသတွင် တည်ရှိသည်။ မြေသားအသင့်အတင့်ရှိပြီး မြေဆီလွှာကောင်းများကို ပိုင်ဆိုင်ထားသောဒေသဖြစ်သည်။ သဘာဝဓာတ်ငွေ့ဖြစ်သည့် ရေနံကောင်းများကို ပိုင်ဆိုင်ထားသောဒေသဖြစ်သည်။ သဘာဝဓာတ်ငွေ့ဖြစ်သည့် ရေနံလက်ယက်တွင်းထွက်များ တည်ရှိနေရာအနီးတွင် ရှိပါသည်။ သဘာဝဆေးဘက်ဝင်အပင်များ အနည်းငယ်ရှိသော်လည်း အသိပညာဗဟုသုတနည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှု အားနည်းပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ သာရေး ၊ နာရေး ကိစ္စရပ်များနှင့် ယဉ်ကျေးမှုဆိုင်ရာဓလေ့ထုံးစံများတွင် ပိုင်းဝန်းဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့ ၊ မိဘဆရာအသင်း ၊ ရေပေးရေးကော်မတီ ၊ ပရဟိတအသင်း ၊ ကြက်ခြေနီ ၊ အရန်မီးသတ် ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာစသည့်အဖွဲ့အစည်း (၇)ဖွဲ့ရှိပါသည်။ ကျေးရွာလူထုကိုယ်တိုင် “ဖွံ့ဖြိုးရေးရည်မှန်းချက်”ကို အခြေခံ၍ ရပ်မိရပ်ဖအဖွဲ့ ၊ အုပ်ချုပ်ရေးအဖွဲ့များ ၊ လူငယ်များနှင့် စုပေါင်းတိုင်ပင်၍ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျှက်ရှိပါသည်။

(၁) **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

ကျေးရွာသူ/သားများကို ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့် အလယ်အလတ်အဆင့် အိမ်ထောင်စုများကို တွေ့ရှိရပါသည်။ ဆင်းရဲသည်ဟု သတ်မှတ်ထားသူများသည် မြေယာမဲ့ဖြစ်ပြီး ကျပန်းအလုပ်သမားများဖြစ်ကြသည်။ အိမ်ထောင်စု အားလုံး၏ ၁၂.၅% သည် ဆင်းရဲသောသူများဖြစ်ပြီး ၊ ၆.၂၅% သည် ချမ်းသာသော အဆင့်ဖြစ်ပြီး ၊ ၄၈.၅% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်သည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သူရှိသော်လည်း စိုက်ပျိုးရေး နည်းပညာအားနည်းသောကြောင့် မြေယာပိုင်ဆိုင်မှုနှင့်ယှဉ်လျှင် အဆင်မပြေမှုအားနည်းသည်ကို တွေ့ရသည်။

(၈) **အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် အလယ်တန်းကျောင်းဆောင် သွပ်မိုး ၊ ထရံကာနှင့် အင်္ဂတေအခင်းကျောင်းကို နိုင်ငံတော်မှ တည်ဆောက်ပေးခဲ့သော်လည်း ထရံကာဖြစ်သောကြောင့် မိုးရာသီတွင် အခက်အခဲအနည်းငယ်တွေ့ရှိရသည်။ ကျောင်းဆရာ/ဆရာမ (၁၅)ဦးရှိပြီး ကျောင်းသားနှင့် ဆရာ/ဆရာမအချိုးသည် ၄၈:၁ ရှိသဖြင့် ဆရာ/ဆရာမ လုံလောက်သောအခြေအနေရှိသော်လည်း အတန်းလိုက်အားဖြင့် လုံလောက်မှု မရှိပါ။

သောက်သုံးရေအတွက် စိမ့်စမ်းရေကိုသာ တစ်ရွာလုံးအားကိုးနေကြရပြီး ရေသန့်ရှင်းမှုအပိုင်းကို ကြည့်မည်ဆိုလျှင် ထုံးဓာတ်ပါဝင်သည်ကို တွေ့ရှိရသည့်အတွက် ကျောက်ကပ်ရောဂါများ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာနိုင်ကြောင်း သုံးသပ်မိပါသည်။

ကျေးရွာရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပြီး မိုးတွင်းကာလတွင် ရွှံ့လမ်းများဖြစ်သောကြောင့် သွားလာရေးအဆင်မပြေမှုများရှိပြီး လျှပ်စစ်မီးရရှိမှုလည်း မရှိသေးပေ။

ထို့ကြောင့် အခြေခံအဆောက်အဦးများနှင့် ဝန်ဆောင်မှုများတွင် အလုံးစုံပြီးပြည့်စုံကောင်းမွန်သော အခြေအနေတစ်ရပ်အဖြစ်သို့ မရောက်ရှိသေးခြင်းကြောင့် နည်းပညာပစ္စည်းအထောက်အပံ့များ ၊ ဝန်ထမ်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်လျှက်ရှိကြောင်း တွေ့နိုင်သည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ကျေးရွာတွင် သက်သာသော ချေးငွေရရှိနိုင်မှု မရှိသဖြင့် အချို့အိမ်ထောင်စုများ ကျေးရွာတွင်းမှ ငွေချေးသူများထံမှ ရွှေနှင့် အိမ်ခြံမြေများကို ၁၅% ၊ ၁၀% အတိုးနှုန်းဖြင့် ငွေချေးယူပြီး လိုသလောက် အလွယ်တကူ ချေးယူ၍ မရနိုင်ပါ။ သမဝါယမချေးငွေနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူနိုင်သော်လည်း ချေးယူမှုနည်းပါးပါသည်။ တောင်သူများ စိုက်/မွေး မဟုတ်သော အခြားစီးပွားရေးလုပ်ကိုင်သူများအတွက် နိုင်ငံတော်မှ ငွေကြေး ဝန်ဆောင်မှုပေးနိုင်သော အစီအစဉ်များ ဆောင်ရွက်ပေးရန် လိုအပ်လျှက် ရှိပါသည်။

**(င) ပညာရေး**

ကညင်းကြီးကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုလည်း အခြေခံအရေးအဖတ် အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်သည် ကျေးရွာလူဦးရေနှင့် နှိုင်းယှဉ်ကြည့်လျှင် နည်းပါးနေသေးကြောင်း တွေ့ရသည်။ လုံးဝစာမတတ်သည့် ကျေးလက်ပြည်သူများလည်း တွေ့ရှိရပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုအတတ်ပညာများမှာ နိမ့်ကျနေဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်လမ်းများ ရရှိနိုင်မည့်အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနိုင်ခြင်းဖြင့် ကျေးလက်၏ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့်နိုင်ပေမည်ဖြစ်ပါသည်။

(စ) **ကျန်းမာရေး**

ကညင်းကြီးကျေးရွာတွင် ရာသီအလိုက် ဖျားနာခြင်း ၊ အအေးမိခြင်း ဖြစ်ပွားပါသည်။ အသည်းရောင်အသားဝါ B ပိုးနှင့် ဝက်သက်ရောဂါဖြစ်ပွားမှု အနည်းငယ်ရှိသည်ကို တွေ့ရပါသည်။ ယခုနှစ်အတွင်း ဆီးချိုရောဂါအများဆုံး ဖြစ်ပွားပြီး သေဆုံးမှုရှိသည်ကို တွေ့ရသည်။ ရေသန့်ရှင်းသော သောက်သုံးရေ မရရှိမှုကြောင့် ကျောက်ကပ်ပျက်စီးမည့်အခြေအနေကိုလည်း တွေ့ရသည်။ ထို့ကြောင့် ကျေးရွာတွင် ဆေးပေးခန်းနှင့် ကျန်းမာရေးမှူး ၊ သူနာပြုဆရာမ များ ချထားပေးရန် လိုအပ်လျှက်ရှိပြီး ကျန်းမာရေးပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကညင်းကြီးကျေးရွာတွင် ပဲ ၊ နှမ်း နှင့် အခြားသီးနှံများ စိုက်ပျိုးရာတွင် ကျရောက်တတ်သော ပိုးမွှားများကို ဓာတုပိုးသတ်ဆေး ၊ ဓာတုမြေသြဇာများ သုံးစွဲလာမှုများလာသဖြင့် မြေဆီလွှာအရည်အသွေးပို၍ ကျလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံဓာတုပိုးသတ်ဆေးများ သုံးစွဲခြင်းထက် ထိရောက်သော သဘာဝမြေသြဇာများကို ပံ့ပိုးပေးခြင်းဖြင့် သဘာဝပတ်ဝန်း ကျင်နှင့် ရေအရင်းအမြစ်ကို ထိန်းသိမ်းရာတွင် အမှိုက်များ စနစ်တကျ စွန့်ပစ် ခြင်းသည်လည်း အလွန်အရေးပါလှသည်။

ကညင်းကြီးကျေးရွာအနီးရှိ သဘာဝသယံဇာတဖြစ်သော ရေနံ သဘာဝတွင်းထွက်ကို နယ်ပေါင်းစုံမှ လာရောက်တူးဖော်ကြပြီး စနစ်ကျသော တူးဖော်မှုတစ်ရပ်မဟုတ်သောကြောင့် ရာသီဥတုဆိုးရွားမှုဒဏ်ကို ခံရနိုင်ပါ သည်။

ထို့ကြောင့် တောင်ယာများအတွက် ဓာတုပိုးသတ်ဆေးအစား အခြား သဘာဝနည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးခြင်း ၊ အမှိုက်များကို စနစ် တကျ စွန့်ပစ်တတ်အောင် နည်းပညာများပေးခြင်း ၊ ကျေးရွာပတ်ဝန်းကျင်ရှိ သဘာဝဓာတ်ငွေ့နှင့် သစ်ပင်များကို အစားထိုးစိုက်ပျိုးရန် စနစ်ကျသော

စီမံခန့်ခွဲမှု နည်းပညာများ သင်ယူစေခြင်းဖြင့် တောတောင်ရေမြေနှင့် စိမ့်စမ်းရေများကိုပါ အလိုအလျောက် ထိန်းသိမ်းပေးရာရောက်စေပါသည်။

(၉) **ကျား-မ ရေးရာ**

ကညင်းကြီးကျေးရွာတွင် ကျားမရေးရာကိစ္စဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်းများ၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျား-မ ခွဲခြားမှုကိစ္စရပ်များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား/သမီးများသည် သာမန်အားဖြင့် ပညာရေး ၊ စီးပွားရေး ၊ လူမှုရေးနှင့် သာရေးနာရေးများတွင် အခွင့်အရေး တူညီစွာ ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ ကျား-မ ခွဲခြားဆက်ဆံမှု မရှိခြင်းသည် ကျေးရွာအတွက် ကောင်းမွန်သော အင်္ဂါတစ်ရပ်ဖြစ်သည်။

## ကညင်းကြီးကျေးရွာမှ ကျေးရွာဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် ဦးစားပေး လုပ်ငန်းစီမံချက်များ

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၉ ၂၀၂၀ | ၂၀၂၀ ၂၀၂၁ | ၂၀၂၁ ၂၀၂၂ | ၂၀၂၂ ၂၀၂၃ | ၂၀၂၃ ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | မြေသားသောက်ရေကန်တိုးချဲ့ဆောင်ရွက်ခြင်း | ၁ | √ | | | | |
| ၂ | ရွာတွင်းလမ်းများမြေနီကျောက်စရစ်ခင်းခြင်း | ၂ | | √ | | | |
| ၃ | ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း (၄၀'× ၃၀') | ၃ | | | √ | | |
| ၄ | မြစ်မ်းရောင်ကျေးရွာစီမံကိန်းတင်ပြတောင်းခံခြင်း | ၄ | | √ | | | |
| ၅ | မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးသွယ်တန်းခြင်း | ၅ | | | √ | | |
| ၆ | အိမ်တိုင်ရာရောက် ရေပေးရေးစနစ် ဆောင်ရွက်ခြင်း | ၆ | | | √ | | |
| ၇ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၇ | | √ | | | |
| ၈ | ဆေးပေးခန်းတည်ဆောက်ခြင်း | ၈ | | | √ | | |
| ၉ | ဘက်စုံသုံးခမ်းမတည်ဆောက်ခြင်း | ၉ | | | √ | | |
| ၁၀ | KG ကျောင်းဆောင်ဆောက် လုပ်ခြင်း | ၁၀ | | | | √ | |
| ၁၁ | သိပ္ပံဆောင် ဆောက်လုပ်ခြင်း | ၁၁ | | | | | √ |
| ၁၂ | အလယ်တန်းကျောင်းဆောင် ဆောက်လုပ်ခြင်း (၆၀'×၃၀') ပြင်ထိန်း | ၁၂ | | | | √ | |

# မင်းလှမြို့နယ် ၊ ကညင်းကြီးကျေးရွာအုပ်စု ၊ ကညင်းကြီးကျေးရွာ

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စီမံအုပ်ချုပ်မှုစနစ်** | | | | | |
| | အုပ်ချုပ်ရေး၊လူမှုရေးအသင်းအဖွဲ့များဟောပြောဆွေးနွေးပွဲများကျင်းပရန်အဆောက်အဦးမရှိခြင်း | အုပ်ချုပ်ရေး၊လူမှုရေးအသင်းအဖွဲ့များမှဟောပြောဆွေးနွေးပွဲများကိုဘုန်းတော်ကြီးကျောင်းများတွင် ဆောင်ရွက်နေရခြင်း | မြေနေရာရှိခြင်း | ငွေကြေးမတတ်နိုင်ခြင်း | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း |
| ၂ | **လမ်းတံတားနှင့်လျှပ်စစ်** | | | | | |
| | ရွာတွင်း လမ်းများ မကောင်းခြင်း | -မြေသားလမ်းဖြစ်နေခြင်း<br>-မြေပြင်ညီညာမှုမရှိခြင်း<br>-ရွှံ့ဗွက်များထူနေခြင်း<br>-မြေစီးများဖြစ်နေပြီး မိုးရာသီတွင်သွားလာရခက်ခဲခြင်း | ကျေးရွာလူထုမှလုပ်အားထည့်ဝင်နိုင်ခြင်း | ငွေကြေးမတတ်နိုင်ခြင်း | လမ်းကော်မတီဖွဲ့စည်း၍ ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်တင်ပြတောင်းခံခြင်း | -ရွာတွင်းလမ်းများမြေနီကျောက်စရစ်ခင်းခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | လျှပ်စစ်မီးမရရှိခြင်း | -မြို့နှင့်အလှမ်းကွာဝေးခြင်း<br>-မဟာဓာတ်အားလိုင်းနှင့်ဝေးကွာခြင်း | - | ငွေကြေးမတတ်နိုင်ခြင်း | မီးလင်းရေးကော်မတီဖွဲ့စည်း၍လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်တင်ပြတောင်းခံခြင်း | မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်း |
| ၃ | **သောက်သုံးရေဖူလုံရေး** | | | | | |
| | မြေသားရေကန်အတွင်းရေသိုလှောင်ထားနိုင်မှုမရှိခြင်း | -မြေသားရေကန်၊ ကန်ဘောင်နိမ့်ကျနေခြင်း<br>-ကန်အတွင်းနုံးများနေခြင်း | ကန်ဟောင်းရှိခြင်း | ရန်ပုံငွေလိုအပ်ခြင်း | ရေကော်မတီဖွဲ့စည်း၍ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်တင်ပြတောင်းခံခြင်း | -မြေသားရေကန်တိုးချဲ့ဆောင်ရွက်ခြင်း<br>-အိမ်တိုင်ရာရောက်ရေပေးရေးစနစ်ဆောင်ရွက်ခြင်း |
| ၄ | **ကျန်းမာရေး** | | | | | |
| | ကျန်းမာရေးဆေးပေးခန်းမရှိခြင်း | -မြို့နှင့်အလှမ်းကွာဝေးခြင်း<br>-ကျေးရွာအနီးတွင်အရေးပေါ်ကုသရန်တိုက်နယ်ဆေးရုံမရှိခြင်း | ဆေးပေးခန်းတည်ဆောက်ရန် မြေနေရာရှိခြင်း | - | - | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံကိန်း နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | ပညာရေး | | | | | |
| | ကျောင်းအဆောက်အဦး မလုံလောက်ခြင်း | ကျောင်းသားဦးရေ တိုးပွားလာခြင်း | စာသင်ကျောင်း ဆောက်လုပ်ရန် မြေနေရာရှိခြင်း | ငွေကြေးမတတ်နိုင်ခြင်း | ပညာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်ချက်များ တင်ပြတောင်းခံခြင်း | -ကျောင်းဆောင်သစ် တည်ဆောက်ခြင်း (၄၀' x ၃၀')<br>-KG ဆောင်ဆောက် လုပ်ခြင်း-<br>-သိပ္ပံဆောင်ဆောက် လုပ်ခြင်း<br>-အလယတန်း ကျောင်းဆောင်ပြင် ဆင်ခြင်း(၆၀' x ၃၀') |
| ၆ | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဘဏ် | | | | | |
| | ကျပန်းလုပ်သားများ လုပ်အားခကြိုထုတ်သုံးစွဲခြင်း အတိုးနှုန်းကြီးခြင်း | -အလုပ်အကိုင်ရှားပါးခြင်း<br>-ပိုင်ဆိုင်မှုသက်သေခံ ပစ္စည်းမရှိ၍ အစိုးရထံ ပေါင်နှံလှည့်လည်သုံးစွဲ၍ မရခြင်း | -ချေးငွေစီမံကိန်းများကိုကျေးရွာလူထုမှ စိတ်ပါဝင်စားမှုရှိခြင်း | - | ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ မြစိမ်းရောင်စီမံကိန်း တင်ပြတောင်းခံခြင်း | မြစိမ်းရောင်ကျေးရွာ စီမံကိန်းတင်ပြ တောင်းခံခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံကိန်း နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၇ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| | အသိပညာဗဟုသုတနည်းပါးခြင်း | -ဖတ်စရာစာအုပ်စာနယ်ဇင်း၊ သတင်းစာ မရှိခြင်း<br>-စာဖတ်သည့်အလေ့အထ မရှိခြင်း | -လူငယ်များမှ စိတ် ပါဝင်းစားမှုရှိခြင်း<br>-မြေနေရာရှိခြင်း | ငွေကြေးမတတ်နိုင်ခြင်း | မြို့နယ်ပြန်ဆက် ဦးစီးဌာနနှင့်ချိတ်ဆက်၍ စာကြည့်တိုက်တည်ဆောက်ခြင်း | စာကြည့်တိုက်တည်ဆောက်ခြင်း |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၂ | ၆ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၅ | ၁၁ | ၂၆ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၄ | ၂၅ | ၄၉ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၄၀ | ၂၅ | ၆၅ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၁၄ | ၃၇၂ | ၆၈၆ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၀ | ၄၀ | ၇၀ |
| **စုစုပေါင်း** | | ၄၂၇ | ၄၇၅ | ၉၀၂ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၂၂၃ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်ဦးရေ (၆၈၆)ဦး ရှိသော်လည်းရာသီအလိုက်လုပ်ငန်းများကိုသာ လုပ်ရသဖြင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

အခြားအလုပ်အကိုင်အခွင့်အလမ်းများလက်လှမ်းမီပါက ရွာ၏စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်လာနိုင်ကြောင်းတွေ့ရှိရပါသည်။

**(ခ)အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅၀ | ၃၈၀ | ၃၅ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၁၀၀ | ၁၇ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | ၁၀၀ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၁၀ | ၁၀ | မြင့် ☐လတ် ☐နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၁၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | **လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၄ | ၀ | မြင့် ☐လတ် ☐နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃ | ၀ | ၂၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ အများအပြားရှိသော်လည်း အလုပ်များမှာ တောင်သူလုပ်ငန်းများဖြစ်သောကြောင့် ရာသီဥတုမမှန်ကန်ခြင်း ၊ဖျက်ပိုးများကြရောက်ခြင်းတို့ကြောင့် အဆင်အပြေမှုများတွေ့ရှိရပါသည်။ ကျေးရွာတွင်ဘွဲ့ရများစွာရှိသော်လည်း အလုပ်လက်လှမ်းမီမှု နည်းသောကြောင့် ဝန်ထမ်းအနည်းငယ်သာရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၂၅၀၀ | ၁၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူငြ ြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀ | ၀ | ၅၀၀ | ၀ |
| ၈ | လက်လီ-လက်ကား | နေ့စား | ၀ | ၁၀၀၀ | ၀ | ၅၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ရောင်းဝယ်ရေး | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၂၀၀၀ | ၂၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**
**မှတ်ချက်(၁) လခစားအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**
**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**
လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိလုပ်သားများသည် ရာသီအလိုက်လုပ်ငန်းများတွင်သာအလုပ်ရရှိကြပြီး ထိုလုပ်ငန်းများပြီးဆုံးချိန်တွင် အခြားဒေသများသို့ ကာလတိုသွားရောက်လုပ်ကိုင်ကြပါသည်။ ရာသီအလိုက်လုပ်ငန်းများမှာ ဝင်ငွေနည်းပါးသဖြင့် ပြည်တွင်း၊ပြည်ပ များသို့ ကာလတို ၊ကာလရှည်သွားရောက်လုပ်ကိုင်ကြရပါသည်။ ပြည်တွင်း၌ဝင်ငွေကောင်းသည့်လုပ်ငန်းများလက်လှမ်းမီပါက အဆင်ပြေနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၂၃.၀၀ | ကောင်း ☐သင့်☑ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၂၀၂.၀၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ သင့်☐ညံ့ ☐ |
| မြေလွတ်မြေလပ် | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၁၄၂၅ | ☒ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**
**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)**

**မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။။ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ ၁၄၂၅ ဧကရှိပါသည်။ ထိုဧကများတွင် နှမ်းနှင့်ပဲစဉ်းငုံကို သီးညှပ်စိုက်ပျိုးကြပြီးမိုးလယ်ပိုင်းတွင် ဝါကိုစိုက်ပျိုးကြပြီး မိုးနှောင်းပိုင်းတွင်ပဲကြီး ကုလားပဲနှင့် အခြားပဲမျိုးစုံများကိုလည်း စိုက်ပျိုးကြပါသည်။မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ဖြစ်ပြီးဆည်ရေမရနိုင်သောဒေသဖြစ်၍ မိုးရေကိုသာ အဓိကအားထားစိုက်ပျိုးကြသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)** | **အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)** |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအနီးတွင် သဘာဝတွင်းထွက်ပစ္စည်း ရေနံထွက်ရှိသော်လည်း လုပ်ကိုင်ရန် အရင်းအနှီးများသဖြင့် လုပ်ကိုင်နိုင်သူ နည်းပါးပါသည်။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သောအိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၅ | ၇၆ | ၁၀၀ | ၃၂ |

**ရင်းမြစ်**… (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**
လေ့လာတွေ့ရှိချက်။ အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများသာ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောစီးပွားရေးလုပ်ငန်းများ ကို လုပ်ကိုင်နိုင်ကြပြီးမပြေလည်သော အိမ်ထောင်စုအချို့နှင့် အလွန်မပြေလည်သောအိမ်ထောင်စုများမှာ ဝင်ငွေနည်းသည့် ကျပန်းလုပ်ငန်းများကို လုပ်ကိုင်ပြီး နေထိုင်စားသောက်ကြရသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၁၂ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၆<br>လုပ်အားခကြိုယူ = ၆ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၆ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၃ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| | | လုပ်အားခကြိုယူ = ၃ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၂၆ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၆<br>ချေးယူ = ၁၅<br>လုပ်အားခကြိုယူ = ၅ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ - ဥစ္စာခနေအဆင့် ၃နှင့် ၄ အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းမှ အချို့မှာ ပုဂ္ဂလိကငွေချေးသူများထံမှ ချေးယူ၍ စားဝတ်နေရေးဖြေရှင်းနေရပါသည်။လုပ်အားခကြိုယူ၍လည်းဖြေရှင်းကြရသည်။ဆင်းရဲသည့်သက်ကြီးရွယ်အိုများကို ဆွေမျိုးများနှင့်အိမ်နီးချင်းများမှ ဝိုင်းဝန်းထောက်ပံ့ကြသည်ကို တွေ့ရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | ၀ | ၀ | ၀ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | ၀ | ၀ | ၀ |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၃ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | ၅ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၈ | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။။ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုနှင့် မုဆိုးဖိုဦးဆောင်သည့် အိမ်ထောင်စုများသည် ကျေးရွာရှိကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြပြီးအခြားဒေသသို့ အချိန်ကြာမြင့်စွာသွားရောက် လုပ်ကိုင်ရသည် မိသားစုအချို့လည်းရှိပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု<br>(မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး | မြင့် ☐ လတ် ☐ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| | ခက်ခဲစသည် | နိမ့် ☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာ၏ ထိခိုက်လွယ်မှု အခြေအနေ များတွင် ငှက်ဖျား၊တီဘီ ၊ကိုယ်ခံအားကျဆင်းမှု ရောဂါများမှ မရှိသလောက် နည်းပါးပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုများမှာ အသင့်အတင့် ရှိပြီး ကြိုတင်ပြင်ဆင်မှုများကြောင့် မီးဘေး အန္တရာယ် များ မရှိပါ။ သရက်-မင်းလှကားလမ်းနှင့် တစ်မိုင်ကျော်သာကွာဝေးသဖြင့် မြို့များသို့ လွယ်ကူစွာသွားလာနိုင်ပါသည်။

## (၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၈ | နေရပ်ပြန်အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂၀ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ လူငယ်များမှာမိဘအုပ်ထိန်းမှုအောက်တွင် ရှိကြပြီး အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများနှင့် ဆင်းရဲသောအိမ်ထောင်စုများမှာကျပန်းလုပ်ငန်းများလုပ်ကိုင်စားသောက်ကြပြီး ထိခိုက်မှုများမှာ အလွန်နိမ့်ပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသ ာရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | ဂေါပက | ၁ ☐<br>၂ ☑<br>၃ ☐ | ၁၀ | ၀ | ၁၀ | ပညာရေး ☐<br>ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၂ | အုပ်ချုပ်ရေး | ၁ ☐<br>၂ ☑<br>၃ ☐ | ၁၀ | ၀ | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | ကျောင်းကော်မတီ | ၁ ☐<br>၂ ☑<br>၃ ☐ | ၁၃ | ၀ | ၁၃ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၄ | လူငယ်အဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | ၁၅ | ၁၀ | ၂၅ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၅ | ပရဟိတ | ၁ ☐<br>၂ ☑<br>၃ ☐ | ၇ | ၉ | ၁၆ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | ၁ ☐ ၂ ☑ ၃ ☐ | ၉ | ၀ | ၉ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ၇ | ရပ်မိရပ်ဖ | ၁ ☐ ၂ ☑ ၃ ☐ | ၁၀ | ၀ | ၁၀ | ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအဖွဲ့အစည်းများနှင့် ကျေးရွာလူထုတို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးတိုင်ပင်ဆောင်ရွက်ကြပါသည်။

**(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| | | | ☐ စိုက်ပျိုးမွေးမြူရေး<br>☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး<br>☐ |
| ၂ | | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅<br>☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး<br>☐ ကျန်းမာရေး ☐ ဘာသာရေး<br>☐ စိုက်ပျိုးမွေးမြူရေး<br>☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး<br>☐ |
| ၃ | | ၁ ☐၂ ☐ ၃ ☐ ၄ ☐၅<br>☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး<br>☐ ကျန်းမာရေး ☐ ဘာသာရေး<br>☐ စိုက်ပျိုးမွေးမြူရေး<br>☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး<br>☐ |
| ၄ | | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅<br>☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး<br>☐ ကျန်းမာရေး ☐ ဘာသာရေး<br>☐ စိုက်ပျိုးမွေးမြူရေး<br>☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး<br>☐ |
| ၅ | | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅<br>☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး<br>☐ ကျန်းမာရေး ☐ ဘာသာရေး<br>☐ စိုက်ပျိုးမွေးမြူရေး<br>☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး<br>☐ |
| ၆ | | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅<br>☐ ၆ ☐ ၇ ☐ | ပညာရေး ☐ ငွေကြေး<br>☐ ကျန်းမာရေး ☐ ဘာသာရေး<br>☐ စိုက်ပျိုးမွေးမြူရေး<br>☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး<br>☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International,

Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ပြင်ပမှလာရောက်ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြည်တွင်း၊ပြည်ပအဖွဲ့အစည်း အကူအညီများ လိုအပ်နေပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၆၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၆၀ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၅၀ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | ၂၃ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း** | | ၂၂၃ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၂၃)အိမ် ရှိသည့်အနက် အိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှုအများစုမှာ မြေယာပိုင်ဆိုင်ကြပြီး အိမ်ထောင်စုပေါင်း

၃၇၈ခန့် မှာ မြေယာမဲ့များဖြစ်ကြပါသည်။

**(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ**

| **စဉ်** | **အရင်းအမြစ်** | **ရေသောက်(ဧက)** | **ရေရရှိနိုင်မှု** | |
|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်**(မှန်ရာတစ်ခုကိုသာရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☑<br>မဖြေဆိုပါ☐ |
| ၂ | ရေလွှဲဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☑<br>မဖြေဆိုပါ☐ |
| ၃ | မြစ်ရေတင်စီမံကိန်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☑<br>မဖြေဆိုပါ☐ |
| ၄ | ရေသွင်းမြောင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၅ | အဝီစိတွင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☑<br>မဖြေဆိုပါ☐ |
| ၆ | လက်ငင်ရေတွင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☑<br>မဖြေဆိုပါ☐ |
| ၇ | စိမ့်စမ်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☑<br>မဖြေဆိုပါ☐ |
| ၈ | ချောင်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☑<br>မဖြေဆိုပါ☐ |

**ရင်းမြစ်**... **(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ကျေးရွာစိုက်ပျိုးရေးလုပ်ငန်းများတွင် မိုးရေကိုသာ အဓိကထားစိုက်ပျိုးရသောကြောင့် ရာသီအလိုက်သီးနှံများကိုသာစိုက်ပျိုးကြရသည်။ စိမ့်မ်းရေများမရှိသည့်အတွက် သောက်ရေကန်များကို တူဖော်ပေးရန်လိုအပ်ပါသည်။

**(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| နှမ်း | ၆၀ | ဧက | ၂၀ | ၃၅ | ၂၇.၅ | မေ | စက်တင်ဘာ | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☐ လတ်☐ နိမ့်☑ |
| ပဲစဉ်းငုံ | ၅၀ | တင်း | ၃ | ၇ | ၅ | မေ | ဒီဇင်ဘာ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ နိမ့်☐ |
| ကုလားပဲ | ၃၀ | တင်း | ၃ | ၈ | ၅.၅ | အောက်တိုဘာ | ဖေဖော်ဝါရီ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ နိမ့်☐ |
| | | | | | | | | မြင့်☐ လတ်☐ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☐ |
| | | | | | | | | မြင့်☐ လတ်☐ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☐ |
| | | | | | | | | မြင့်☐ လတ်☐ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☐ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်နှမ်းကို အဓိကထားစိုက်ပျိုးကြပါသည်။ နှမ်းနှင့်အတူ အခြားသီးနှံများကိုသီးညှပ်စိုက်ပျိုးကြပါသည်။ ပိုးသတ်ဆေးသုံးစွဲမှုနှင့် သယ်ယူပို့ဆောင်စရိတ်များ သီးနှံအထွက်နှုန်းနည်းပါးမှုကြောင့် တောင်သူများတွင် အခက်အခဲများစွာရှိပါသည်။

**(၄) လယ်ယာသုံး စက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၃ | ၀ | ၀ | ၁၈၀ |
| လက်တွန်းထွန်စက် | ၀ | ၀ | ၀ | ၀ |
| အစေ့ချကိရိယာ | ၀ | ၀ | ၀ | ၀ |
| ရိတ်သိမ်းခြွေလှေ့စက် | ၀ | ၀ | ၀ | ၀ |
| ရိတ်သိမ်းစက် | ၀ | ၀ | ၀ | ၀ |
| ခြွေလှေ့စက် | ၃ | ၀ | ၀ | ၁၅၀ |
| ရေစုပ်စက် | ၄ | ၀ | ၀ | ၅၀ |
| ခြေနင်းရေတင်စက် | ၀ | ၀ | ၀ | ၀ |
| မြက်ရိတ်စက် | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထွန်စက် ၊ခြွေလှေ့စက်များမှာ ပိုင်ဆိုင်မှုနည်းပါးသဖြင့် တောင်သူများအနေဖြင့် ငှားရမ်းလုပ်ကိုင်ရသည်မှာ အဆင်ပြေမှုနည်းပါးပါသည်။ နွေရာသီတွင် သောက်သုံးရေအဖြစ် သောက်ရေတွင်းများမှ ရေတင်သုံးစွဲရာတွင် ရေစုပ်စက်ပိုင်ဆိုင်မှု (၄)လုံးသာရှိသဖြင့် အဆင်မပြေမှုများကိုတွေ့ရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ ရသည်☐ မဖြေဆိုပါ☑ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐ |

**ရင်းမြစ်**... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ သီးနှံများစိုက်ပျိုးရာတွင် ရေအရင်းအမြစ်များမရှိသောကြောင့် မိုးရေကိုသာ အဓိကထားစိုက်ပျိုးကြရသည်။ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကို ဝယ်ယူရရှိနိုင်သော်လည်း စနစ်တကျသုံးစွဲနိုင်မှုအားနည်းပါသည်။ ထို့ကြောင့်သီးနှံအရည် အသွေးကောင်းမွန်မှု နည်းသောကြောင့် သီးနှံများဈေးကောင်းမရပါ။မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများလိုအပ်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇ နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီလွှာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☑ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐ မဖြေဆိုပါ☐ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ☐ |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိတောင်သူများသည် ရာသီဥတုမမှန်ခြင်း ၊ဓာမြေသြဇာ ၊ဓာတုပိုးသတ်ဆေး စနစ်တကျ မသုံးစွဲတတ်ခြင်း ၊သီးနှံမျိုးကောင်းမျိုးသန့်များ မရရှိခြင်း စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများ နည်းပါးခြင်းနှင့် ဖျက်ပိုးများကျရောက်ခြင်းတို့ကြောင့် ကုန်ကျစရိတ်များပြီး သီးနှံအထွက်နှုန်းမှာလည်း နည်းပါးပါသည်။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၉၆ | ၅၀၂ |
| နို့စားနွား | ၀ | ၀ |
| ကျွဲ | ၀ | ၀ |
| မြင်း | ၀ | ၀ |
| မြည်း | ၀ | ၀ |
| လား | ၀ | ၀ |
| ဆိတ် | ၀ | ၀ |
| သိုး | ၀ | ၀ |
| ဝက် | ၅၅ | ၇၆ |
| ကြက် | ၆၀ | ၅၂၀ |
| ဘဲ | ၀ | ၀ |
| နွားနောက် | ၀ | ၀ |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၀ | ၀ |
| ပုဇွန်ကန် | ၀ | ၀ |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | ၀ | ၀ |
| ရေချိုငါးဖမ်းလုပ်ငန်း | ၀ | ၀ |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | ၀ | ၀ |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွားများကို အများအားဖြင့် ခိုင်းရန်အတွက်သာမွေးမြူကြပြီး စီးပွားဖြစ် မွေးမြူနိုင်မှု နည်းပါးပါသည်။ ဝက်များကိုသာ စီးပွားဖြစ် မွေးမြူကြပြီး ကြက်များကို ဟင်းစားအဖြစ်သာမွေးမြူနိုင်ကြပါသည်။

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

